Myanmar Child Protection AoR

GBV Sub-Cluster Myanmar

# GBV-CP ကြည့်ရှုဆန်းစစ်မှု လုပ်ငန်းအထောက်အကူ

***မှတ်ရန် -*** *ဤမေးခွန်းပုံစံသည် ဆန်းစစ်လေ့လာခြင်းဖြင့် ဖြည့်သွင်းရန် အခြေပြုသည်။ ၎င်းသည် မည်သည့်ရပ်ရွာအခြေအနေအမျိုးမျိုးတွင် ဆီလျော်နိုင်သကဲ့သို့ မဆီလျော်ခြင်းလည်း ဖြစ်နိုင်သည်။ ဘေးကင်းလုံခြုံမှု မရှိသည့် နယ်မြေများတွင် ထိုနေရာ/ ရပ်ရွာလူထုအကြား၌ သွားလာ နေစဉ် မေးခွန်းလွှာအား ဖြည့်သွင်းခြင်း မပြုသင့်ပါ။ ထိုအစား မေးခွန်းများနှင့် တွေ့ရှိချက်များကို စိတ်တွင်း၌သာ မှတ်သားထား၍ ထိုနေရာ/ရပ်ရွာလူထုထဲမှ ပြန်လည်ထွက်ခွာလာပြီးနောက်မှ ပုံစံထဲသို့ ဖြည့်သွင်းသင့်သည်။*

**ဤဆန်းစစ်မှု၏ ရည်ရွယ်ချက်မှာ အရေးပေါ်အခြေအနေကြောင့် ကလေးများအပေါ် သက်ရောက်မှု ရှိနိုင်ခြေ နှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု အန္တရာယ်ကျရောက်နိုင်ခြေတို့ကို ခြုံငုံသိရှိနိုင်ရန် ဖြစ်သည်။ ၎င်းသည် ပြီးပြည့်စုံသော ဆန်းစစ်လေ့လာမှုတခုဖြစ်ရန် ရည်ရွယ်ခြင်း မဟုတ်ပါ။ ၎င်းကို လုပ်ငန်းများဆောင်ရွက်ရာတွင် သို့မဟုတ် RNA – Rapid Needs Assessment (အလျှင်အမြန် လိုအပ်ချက် ဆန်းစစ်မှု) သို့မဟုတ် MIRA – Multi-sector Initial Rapid Assessment (ကနဦး ကဏ္ဍစုံ အလျှင်အမြန် ဆန်းစစ်မှု) တို့ကို ဆောင်ရွက်သည့် အခါတွင် အသုံးပြုရန်အတွက် ထောက်ခံအကြံပြုပါသည်။**

နေရာဒေသ ___________

နေ့စွဲ _______________

လူထုအုပ်စု အမျိုးအစား- ဥပမာ - လက်ခံ အိမ်ရှင်လူထု၊ ယာယီနေရပ်ရွှေ့ပြောင်းလူထု _____________

## ယေဘုယျမြင်တွေ့ချက်

၁. **ယောကျ်ားလေးများ** မည်သည့်နေရာတွင် ကစားနေကြသလဲ ? **မိန်းကလေးများ** မည်သည့်နေရာတွင် ကစားနေကြသလဲ ?

၂. ကလေးများ စောင့်ကြည့် သူ မရှိဘဲ ကစားနေကြသည်ကို သင် မြင်တွေ့ရပါသလား ?

၃. **ဆယ်ကျော်သက် ယောကျ်ားလေးများ** ကို သင် မြင်တွေ့ရပါသလား ? **ဆယ်ကျော်သက် မိန်းကလေးများ** ကို သင် မြင်တွေ့ရပါသလား ?

(က) တွေ့မြင်ပါက သူတို့ ဘာလုပ်နေကြပါသလဲ ?

၄. ကလေးများသည် စောင့်ရှောက်သူ မပါဘဲ ကစားနေခြင်း သို့မဟုတ် လမ်းလျှောက်နေခြင်းကို မြင်တွေ့ရပါသလား ?

၅. **ဆယ်ကျော်သက် မိန်းကလေးများ** က ရှောင်ရှားကြသည်ဟု ထင်မြင်ရသော နေရာများ ရှိပါသလား ?

၆. **အရွယ်ရောက်ပြီးသော အမျိုးသမီးများ**က ရှောင်ရှားကြသည်ဟု ထင်မြင်ရသော နေရာများ ရှိပါသလား ?

၇. မိန်းကလေးများ/ ယောကျ်ားလေးများသည် မည်သည့် အလုပ်များကို နေ့စဉ် လုပ်ဆောင်လေ့ရှိကြသလဲ ? **မိန်းကလေး များ/ ယောကျ်ားလေးများ မည်သည့်အလုပ် အမျိုးအစားများ** လုပ်ဆောင်နေသည်ကို သင် မြင်တွေ့ရပါသလဲ ?

၈. ဤနယ်မြေ၏ အတွင်း/အပြင်၌ ကလေးများအတွက် မြင်သာသည့်ဘေးအန္တရာယ်/ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်စရာများ ရှိနေပါသလား ? မသန်စွမ်းသော ကလေးများအတွက် လည်း မည်သို့ရှိနေပါသနည်း။

၉. ဤနယ်မြေ၏ အတွင်း/အပြင်၌ အမျိုးသမီးများအတွက် မြင်သာသည့်ဘေးအန္တရာယ်/ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်စရာ ရှိနေပါသလား ?

## နေထိုင်သည့် နေရာ

၁. နေထိုင်စရာနေရာကို မိမိတို့၏ မိသားစုဝင်မဟုတ်သူများနှင့် အတူမျှဝေနေထိုင်နေရပါသလား ? ထိုသို့ နေထိုင်ရပါက ကလေးများနှင့် အမျိုးသမီးများသည် မိမိတို့၏ မိသားစုဝင်မဟုတ်သည့် အရွယ်ရောက်ပြီးသူများနှင့် အတူ အိပ်စက်ရပါသလား ?

၂. ဤနယ်မြေတွင် အခြားနည်းဖြင့်ပြုစုစောင့်ရှောက်မှုပေးနေသည့် အဖွဲ့အစည်းတစ်ခုခု သင်တွေ့မြင်ရပါသလား ?

၃. အိပ်စက်ရန်အတွက် နေရာများကို မည်သို့ စီစဉ်ထားပါသလဲ ? ၊ ကျား/မ ၊ အသက်၊ ကွဲပြားမှု (လူမျိုး၊ ဘာသာ) ၊ မိသားစု စသည်ဖြင့်

၄. အမျိုးသမီးများနှင့် ကလေးများအဖို့ မိသားစုအတွင်း**လွတ်လွတ်လပ်လပ်ဖြစ်**ရန် အခက်အခဲ ရှိပါသလား ? (အဝတ်အစားလဲလှယ်ရန်အတွက်၊ ကလေးနို့တိုက်ရန်အတွက်၊ စသည်ဖြင့်)

## လုပ်ငန်းများ

၁. ကလေးများအတွက် သီးခြား ဆော့ကစားရန်နေရာ (ကလေးပျော်နေရာ - **child friendly space)** တခု ရှိပါသလား ?

(က) ရှိပါကငင်းသည် ဘေးကင်းလုံခြုံမှု ရှိပါသလား ?

(ခ) ရှိပါက ၎င်းသည် ရပ်ရွာမှ ဘေးကင်းလုံခြုံသော အကွာအဝေးတွင် တည်ရှိပါသလား ? ရပ်ရွာအတွင်းတွင် ရှိပါသလား ?၊ ရပ်ရွာအစွန်အဖျားတွင် ရှိပါသလား ?

(ဂ) ရှိပါက ၎င်းသည် စစ်ဆေးရေးဂိတ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့များ၏ စခန်း/နေရာတို့နှင့် နီးကပ်ပါသလား ?

၂. **ပညာရေးနှင့်ပတ်သက်၍ ပံ့ပိုးမှုများ** ရှိနေပါသလား ?

(က) ရှိပါက ၎င်းသည် ဘေးကင်းလုံခြုံမှု ရှိပါသလား ?

(ခ) ရှိပါက ၎င်းသည် ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးတွင် တည်ရှိပါသလား ? ရပ်ရွာအတွင်းတွင် ရှိပါသလား ? ၊ ရပ်ရွာအစွန်အဖျားတွင် ရှိပါသလား ?

(ဂ) ထိုနေရာများသို့ ယောကျ်ားလေးများနှင့် မိန်းကလေးများ တန်းတူညီမျှစွာ တက်ရောက်နိုင်ပါသလား ? သို့မဟုတ် ကျား/မ မည်သူအတွက်မဆို ပညာရေး လက်လှမ်းမမီ ရန် မြင်သာသော အတားအဆီးများ ရှိပါသလား ? (ဥပမာ - ဓလေ့ထုံးစံ စံနှုန်းများ၊ သွားလာပို့ဆောင်ရေး၊ ဘေးကင်းလုံခြုံမှု)

(ဃ) ရှိပါက ၎င်းသည် စစ်ဆေးရေးဂိတ် သို့မဟုတ် လက်နက်ကိုင်အုပ်စုများ၏ စခန်း/နေရာတို့နှင့် နီးကပ်ပါသလား ?

၃. အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သီးသန့် စုဝေး ခိုနားရန်နေရာ (**women and girls' friendly space)** တခုခု ရှိပါသလား ?

(က) ရှိပါက ၎င်းနေရာမှာ ဘေးကင်းလုံခြုံမှု ရှိပါသလား ?

(ခ) ရှိပါက ၎င်းသည် ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးတွင် တည် ရှိပါသလား ? ရပ်ရွာ၏အလယ်တွင် ရှိပါသလား ? ၊ အစွန်အဖျားတွင် ရှိပါသလား ?

(ဂ) ရှိပါက ၎င်းသည် စစ်ဆေးရေးဂိတ် သို့မဟုတ် လက်နက်ကိုင်အုပ်စုများ၏ စခန်း/နေရာတို့နှင့် နီးကပ်ပါသလား ?

၄. ဤကျေးရွာ/စခန်းတွင် **ကျန်းမာရေးဝန်ဆောင်မှု** ရှိပါသလား ?

(က) ရှိပါက ၎င်းနေရာမှာ ဘေးကင်းလုံခြုံမှု ရှိပါသလား ?

(ခ) ရှိပါက ၎င်းသည် ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးတွင် တည်ရှိပါသလား ? ရပ်ရွာ၏အလယ်တွင် ရှိပါသလား ? ၊ အစွန်အဖျားတွင် ရှိပါသလား ?

(ဂ) ရှိပါက ၎င်းသည် စစ်ဆေးရေးဂိတ် သို့မဟုတ် လက်နက်ကိုင်အုပ်စုများ၏ စခန်း/နေရာတို့နှင့် နီးကပ်ပါသလား ?

၅. **ပစ္စည်းဖြန့်ဝေပေးသော နေရာများ**တွင် ကလေးများသည် လူကြီးများနှင့်အတူ တန်းစီနေကြပါသလား ?

ဟုတ်ပါက မြင်သာသည့် အန္တရာယ်ကျရောက်နိုင်ခြေများ ရှိပါသလား ? (ဥပမာ - ကြာရှည်စွာ စောင့်ရခြင်း၊ လူများ ကျပ်သိပ်နေခြင်း၊ စောင့်ရှောက်မှုပေးသူနှင့် ကွဲကွာနိုင်ခြင်း)

ပစ္စည်းဖြန့်ဝေပေးသည့် လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ သို့မဟုတ် အခြားထိခိုက်လွယ်သူများ အပါအဝင် ကလေးများ၏ လိုအပ်ချက်အတွက် ထည့်သွင်းစဉ်းစား စီစဉ်ပေးမှုများ သိမြင်သာစွာ ရှိပါသလား ? (ဥပမာ - သီးခြားလိုင်း ဖြင့် တန်းစီစေခြင်း၊ ဦးစားပေး၍ ဖြန့်ဝေပေးခြင်း၊ အထူး နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း)

## ရေ၊ ပတ်ဝန်းကျင်နှင့် တကိုယ်ရေ သန့်ရှင်းရေး (WASH)

၁. ရေချိုးရန်နေရာနှင့် အိမ်သာများ အလုံအလောက် ရှိပါသလား ?

(က) ရေချိုးရန်နေရာများသည် တကိုယ်ရေလွတ်လပ်မှု လုံလောက်စွာ ရှိပါသလား ? အမျိုးသားများနှင့် အမျိုးသမီးများအတွက် နေရာသီးခြားစီ ခွဲထားပါသလား ?

(ခ) ရေချိုးရန်နေရာများသည် တံခါးဂျက်များ ရှိပါသလား ? အလင်းရောင် ရရှိပါသလား ?

(ဂ) အမျိုးသားများအတွက် ရေချိုးရန်နေရာနှင့် အမျိုးသမီးများအတွက် ရေချိုးရန်နေရာတို့အကြား မည်မျှ ကွာဝေးပါသလဲ ?

(ဃ) ရေချိုးရန်နေရာများနှင့် နေထိုင်ရာနေရာတို့အကြား မည်မျှ ကွာဝေးပါသလဲ ? ရေချိုးရန်နေရာများသို့ သွားရာ လမ်းတလျှောက် အလင်းရောင် လုံလောက်စွာ ပေးထားပါသလား ?

(င) အိမ်သာများကို အမျိုးသားများနှင့် အမျိုးသမီးများအတွက် သီးခြားစီ ခွဲထားပါသလား ?

(စ) အိမ်သာများတွင် ကလေးများ လက်လှမ်းမီနိုင်သည့် တံခါးဂျက်များ ရှိပါသလား ?

(ဆ) အိမ်သာများတွင် တံခါးဂျက်များ ရှိပါသလား ? အလင်းရောင် ရရှိပါသလား ?

(ဇ) အမျိုးသားများအတွက် အိမ်သာများနှင့် အမျိုးသမီးများအတွက် အိမ်သာများအကြား မည်မျှကွာဝေးပါသလဲ?

(ဈ) အိမ်သာများနှင့် နေထိုင်ရာနေရာတို့အကြား မည်မျှကွာဝေးပါသလဲ ? အိမ်သာသို့ သွားရာ လမ်းတလျှောက် အလင်းရောင် လုံလောက်စွာ ပေးထားပါသလား ?

(ည) မသန်စွမ်းသူများအဖို့ အိမ်သာများကို လက်လှမ်းမီ အသုံးပြုနိုင်ပါသလား ?

၂. ကလေးများ ကစားရာတွင် အန္တရာယ်ဖြစ်စေနိုင်သော အမှိုက်သရိုက်၊ ရေ သို့မဟုတ် အခြားအရာများ ရှိနေပါသလား ?

(က) ရှိပါက ဖော်ပြပေးပါ။

၃. ဤနေရာတွင် မည်သူတို့ ရေခပ်နေသည်ကို သင်တွေ့မြင်ရပါသလဲ ? မိန်းကလေးများ၊ ယောကျ်ားလေးများ၊ သို့မဟုတ် အမျိုးသမီးများ?

(က) ရေပေးရာနေရာများသည် မည်မျှ ကွာဝေးစွာ တည်ရှိပါသလဲ ?

(ခ) ရေပေးရာနေရာများ၏ ဝန်းကျင်၊ ထိုနေရာများသို့ သွားရာလမ်း နှင့် ရေခပ်ရန် စောင့်ဆိုင်းနေရချိန်တို့တွင် အမျိုးသမီးများနှင့် ကလေးများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ စိုးရိမ်ပူပန်စရာ ရှိပါသလား ?

**အလင်းရောင်** (အဆောက်အဦ အတွင်းပိုင်း နှင့်/သို့မဟုတ် အပြင်ဘက်နေရာများ)

၁. အများသုံး/မျှဝေသုံး အိမ်သာများနှင့် ရေချိုးရာနေရာများတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား ?

၂. အများပြည်သူ သွားလာစုဝေးရာ နေရာအများစုတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား ?

၃. နေထိုင်ရာနေရာများ၏ အဝင်အထွက် တံခါးနေရာများတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား ?

၄. ပတ်ဝန်းကျင်နေရာများတွင် လုံလောက်သော အလင်းရောင် ရရှိပါသလား ?

၅. နေရာတွင် လက်နှိပ်ဓါတ်မီးများ၊ ဆိုလာမီးအိမ်များ ရရှိနိုင်ပါသလား ? အမျိုးသမီးများနှင့် ကလေးများအတွက် သီးသန့် ပေးထားပါသလား ?

## စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်း ပံ့ပိုးကူညီမှု (MHPSS)

၁. ကလေးတဦးဦး /ကလေးများ(မိန်းကလေး၊ အမျိုးသမီး) သည် စိတ်ဖိစီးမှု ရှိနေနိုင်သည်ဟု သင်မြင်တွေ့ရပါသလား ? (ငိုနေခြင်း၊ စိတ်ပူပန် စိုးရိမ် နေခြင်း၊ အခြား)

## လက်နက်ကိုင် လှုပ်ရှားသူများ ရှိမရှိ

၁. ဤနေရာ၏ အနီးတဝိုက်တွင် လက်နက်ကိုင်အုပ်စုများ သွားလာလှုပ်ရှားမှု ရှိပါသလား ?